

It's Free!
Monthly!

Published by registration no. (00127) မှတ်ပုံတင်အမှတ် ၀၀၁၂၇ ဖြင့် ထုတ်ဝေသည်။

MYANMAR JAPON

BUSINESS & ECONOMY

# MJ+PLUS

February 2020 Vol. 66

## SPECIAL FEATURE

ကမ္ဘာမြေကြီးကို အကျိုးပြုနေသော စွန့်ဦးတီထွင် လုပ်ငန်းရှင်များ

Entrepreneur benefit to the earth

## TOP INTERVIEW

Permanent Secretary, Ministry of Foreign Affairs, as Ambassador Extraordinary and Plenipotentiary of the Republic of the Union of Myanmar to Japan

U Myint Thu

၂၀၁၉ ခုနှစ်မှ တာဝန်ထမ်းဆောင်သော မြန်မာနိုင်ငံလုံးဆိုင်ရာသံအမတ်သစ်

February 2020







MELIÃ YANGON

192 Kaba Aye Pagoda Road, Bahan Township, Yangon, Myanmar

T (+95) 1 934 5000. Follow us on MeliaYangon


Japan Medical Tourism
Medical Check-up and VIP tour in Japan
$12,000／2 people
ဂျပန်နိုင်ငံတွင်ကင်ဆာရောဂါကုသပုံ
Immune cell therapy ဟုခေါ်သောကိုယ်ခံစွမ်းအားဆဲလ်ကုထုံးဆိုသည်မှာကုသခံမည့်လူနာ၏ကိုယ်ခံစွမ်းအားဆဲလ်ကိုယူပြီး culture(ပိုးမွေးမြူ)သန့်စင်ပြီး ၎င်းလူနာ၏ကိုယ်ခန္ဓာထဲသို့ပြန်လည်ထည့်ခြင်းဖြစ်ပါသည်။ ကင်ဆာရောဂါကိုကြိုတင်ကာကွယ်သောအနေဖြင့်ကုသမှုခံယူသူများလည်းရှိပါသည်။ ဂျပန်တွင် ဤကုထုံးဖြင့်ကုသမှုပေးခွင့်ရှိသောဆေးရုံအဖြစ်အစိုးရမှအသိအမှတ်ပြုသောဆေးရုံအနည်းငယ်၌သာကုသမှုခံယူနိုင်ပါသည်။ ကျန်းမာရေးခရီးသွားဝန်ဆောင်မှုမှတာဝန်ယူပြီးကျန်းမာရေးစစ်ဆေးမှုပြုလုပ်သောဆေးရုံမှာလည်း ကိုယ်ခံစွမ်းအားဆဲလ် ကုထုံးကို ကုသမှုပေးခွင့်ရသောအစိုးရ၏အသိအမှတ်ပြုလက်မှတ်ရဆေးရုံတစ်ခုဖြစ်ပါသည်။ အသေးစိတ် ပြုလုပ်ရသော အရေးကြီးသောကုသမှုဖြစ်သည့်အတွက် ၂ပတ်မှာတစ်ကြိမ်၊စုစုပေါင်း၆ကြိမ်ကုသမှုခံယူရန်လိုအပ်ပါသည်။ဆေးထိုးဆေးသွင်းခြင်းဖြင့်ကုသခြင်းဖြစ်ပါသည်။ ကိုယ့်ရဲ့ဆဲလ်ကိုအသုံးပြုပြီး ကုသသောကုထုံးဖြစ်သည့်အတွက် ဘေးထွက်ဆိုးကျိုးမှာ မရှိသလောက်ဖြစ်၏။ တခြားသောကင်ဆာကုထုံးများအဖြစ် ခွဲစိတ်ကုသခြင်း၊ သောက်ဆေး၊ထိုးဆေးဖြင့် ကုသ ခြင်း၊ဓာတ်ရောင်ခြည်ကုထုံး၊ပင်မဆဲလ်အစားထိုးကု သခြင်းများလည်းရှိပါသည်။ မရှင်းလင်းသည်များသိလိုသည်များရှိပါကကျွန်ုပ်တို့၏ကျန်းမာရေးခရီးသွားဝန်ဆောင်မှု Facebook messengerမှတစ်ဆင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Day 1
Airport pick up
18:00 Hotel check in
Day 2
7:00 Hotel pick up
8:00 Medical checkup
12:00 Lunch
15:00 Hotel check in (Kamakura)
Day 3
9:00 Sightseeing (Kamakura)
12:00 Lunch
15:00 Shopping (Ginza)
18:00 Dinner (Teppan-yaki)
20:30 Hotel check in (Ginza)
Last Day
10:00 Hotel pick up
12:00 Airoport drop off
【Service Fee includes】
1st day : Airport pick up, Hotel, Interpreter (6pm-9pm)
2nd day: Medical checkup, Lunch, Hotel, Dinner, Interpreter (8am-1pm)
3rd day: Break fast, Chartered car, dinner, hotel, interpreter (10am-6pm)
4th day: break fast, hotel pick up & drop off at airport
*The other services like porter service are not included.
Aroma Nursing Care Co., Ltd.
7-13-6 Ginza Chuou-ku Tokyo
Tel: +81-3-4400-2866
E-mail: info@aromakango.com
Facebook: @nsmjms
Skype: aromakango
https://www.facebook.com/nsmjms


ENJOY A SPECTACULAR HOT AIR BALLOON RIDE
OVER THE BEST SCENERIES OF MYANMAR
PIONEER SINCE 1999
Balloons Over Bagan
Balloons Over Inle
Balloons Over Loikaw
20 YEARS
1999-2019
ANNIVERSARY
BEST TOURISM
SERVICE PERFORMER
2019 AWARD WINNER
BOOK
NOW
YANGON SALES OFFICE
Swiss Business Office Center (SBOC) Building No. (36-38) A,
Room (108), Grand Myay Nu Condo, Myay Nu street,
Sanchaung Township, Yangon, Myanmar.
res@balloonsoverbagan.com
Tel/Fax: +95 1 505875, +95 9 424 313 403-404


FLY TO
SEOUL
YANGON - SEOUL - YANGON
ROUND TRIP
STARTING FROM 485 ++ USD
ONE WAY
STARTING FROM 321 ++ USD
4x per week
Tue, Thu, Sat, Sun
Ex: Yangon
Sales Period: until 08th Feb 2020
Travel Period: until 15th Feb 2020
*Terms & Conditions Apply
FLIGHT NO. | ROUTE | DEPARTURE | ARRIVAL | DAY OF WEEK
8M 801 | YANGON - INCHEON | 16:50 | 00:50+1 | Tue/ Thu Sat/ Sun
8M 802 | INCHEON - YANGON | 01:50 | 06:00 | Mon/ Wed Fri/ Sun
www.maiair.com
Follow us on:
DOWNLOAD NOW!

EVA
Since 1997
COMPANY LIMITED
Ugly, Leaking Roofing?
NO WORRIES!
YOUR BEST ROOFING
SOLUTION FOR YOUR SLEEPLESS RAINY NIGHTS !!!
KLIP LOK
4-ANGLE
SEAM LOK
C-CHANNEL
Z-CHANNEL
DECKING SHEET
QUALITY & DURABLE
FACTORY & OFFICE-No.22/23, De Pae Yin Wun Htauk U Myae Road,Hlaing Thar Yar Industry Zone (3)Yangon, Myanmar. Tel: 01-3685614, 01-3685615, 01-3685133, 01-3685015
SALE CENTER (1) - No.11, 12, 13 Building 95, Sawbwagyigone, Insein Tsp, Yangon. Tel: 01-3646699, 01-3643690, 09-262889122, 09-262889123
SALE CENTER (2) - No. 8 / 9 Building 130, Sawbwagyigone, Insein Tsp, Yangon. Tel: 01-9640077, 01-9640078, 01-3647699, 01-3647767
SALE CENTER (3) - 20 / 21, Thiri Yadanar shop House, North Okkalapa Tsp, Yangon. Tel: 09-420117768, 09-420117769
SALE CENTER (4) - No.412,Magway Street, 9th Quarter, Hlaing Thar Yar Tsp, Yangon. Tel: 09-262889077, 09-262889088
SALE CENTER (5) - No. 173, Kyaikkami Road, Daungzayat, Zaykyoyat Mawlamyine. Tel: 057-26471, 09-262889199, 09-765889188, 09-764889188
EVA COMPANY LIMITED
www.evaroofing.com
evamyanmar@gmail.com

# MJ+PLUS

BUSINESS & ECONOMY


## CONTENTS

February 2020 Vol.66


10 | **Special Feature**

ကမ္ဘာမြေကြီးကို အကျိုးပြုနေသော
စွန့်ဦးတီထွင် လုပ်ငန်းရှင်များ
Entrepreneur benefit
to the earth

12| **Top Interview**

၂၀၁၉ ခုနှစ်မှ တာဝန်ထမ်းဆောင်သော
မြန်မာနိုင်ငံလုံးဆိုင်ရာသံအမတ်သစ်
Permanent Secretary, Ministry of Foreign Affairs, as Ambassador Extraordinary and Plenipotentiary of the Republic of the Union of Myanmar to Japan

18| **Yangon City Maps**

27 | **Business News**

30| **Useful information**

Food, Hotels, Entertainment, Shopping


### DISTRIBUTION

Available at over 300 outlets including City Mart, Ocean,Marketplace in Yangon, Naypyidaw, Mandalay, Yangon International Airport, Embassy of Japan in Myanmar, KBZ Banks, CB Banks, AYA Banks, Myanmar Airways International and all major Hotels and Restaurants in Yangon.


**MJ+plus Magazine**
**Yutaka Nagasugi-CEO**
**Myanmar Japon Co.,Ltd.**
**MIRC Co.,Ltd.**
Corner of Kan Yeik Thar Road & U Aung Myat Road,
Kantharyar Centre Office Tower, 11 floor Unit 01,
Mingalar Taung Nyunt Township, Yangon.
+95-(0)9-777666199

**Registration No. 000127**

| | |
|---|---|
| **Editor in Chief** | - Kazuto Takeda |
| **Editor** | - Hnin Oo Yee |
| **Layout** | - Aye Myo Htay |
| **Photo** | - Thiha Zaw |
| **Marketing** | - Toru Shimoyama, Sithu Aung, Su Htwe Htwe Zaw, Nant Khine Mye Myat |
| **Publisher** | - Ei Ei Chaw<br>No.94, Padamyar St, (3) Ward,<br>Kamaryut Tsp, Yangon. |

### MEDIA DATA

| | |
|---|---|
| First Issue | September 1st,2014, |
| Appearance | A4, saddle stitch, 36 pages, Full Color |
| Circulation | 18000 Copies |
| Price | Free of Charge |
| Printing | Aung Thein Thann Printing Station<br>Registered No.(00435) |









## သဘာဝပတ်ဝန်းကျင်ပျက်စီးမှုရဲ့နောက်ဆက်တွဲအကျိုးဆက်များ

# ပလတ်စတစ်နဲ့ဆိုးကျိုး

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ သတ္တလောကကြီးအတွင်းတွင် နေထိုင်လျက်ရှိကြသည့် လူ၊ သတ္တဝါတို့၏ နေထိုင်၊ သွားလာ၊ အနားယူအိပ်စက်ခြင်းတို့အပြင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုပေးခြင်းနှင့် လူ၊ သတ္တဝါတို့၏ အသက်ရှင်ရပ်တည်နိုင်စေရေးအတွက်အထောက်အကူပြုပေးရာတွင် မရှိမဖြစ်လိုအပ်သကဲ့သို့ လူသားများ၏ အဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ဆောင်ရွက်မှုများအားလုံးသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေရန်အထူးလိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် 'Stand-alone Environmental Management Plan' တွင် ပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်ဆောင်ရွက်သွားရမည့် အခြေခံအချက်များမှာ (အသံ၊ စွန့်ပစ်ပစ္စည်း၊ ပတ်ဝန်းကျင်လေထု၊ ရေထု၊ တောတောင်အခြေအနေ၊ ဇီဝမျိုးကွဲများအခြေအနေ၊ လူမှုပတ်ဝန်းကျင်အခြေအနေ)ဟူ၍ အချက် ( ၇ ) ချက်နှင့် တိုင်းတာသတ်မှတ်ကြောင်းလေ့လာသိရှိရပါသည်။

နှစ်စဉ် ဇွန်လ ( ၅ ) ရက်နေ့ဟာဆိုရင်ဖြင့် 'ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့' (World Environment Day) ကို ကျင်းပလေ့ရှိကြတဲ့နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ ဒီလိုကမ္ဘာ့ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ကို နှစ်စဉ်ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ဖို့အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်မှာနေထိုင်နေကြတဲ့ လူသားတွေဟာ ပလတ်စတစ်ကို အလွယ်တကူ မဆင်မခြင် သုံးစွဲမှုတွေကြောင့် သဘာဝပတ်ဝန်းကျင်အပြင်ကမ္ဘာ့သမုဒ္ဒရာကြီးတွေဟာ ညစ်နွမ်းရတဲ့ အနေအထားရောက်ရှိနေပါတယ်။ ဒါကြောင့်လည်း တခါသုံးပလတ်စတစ်ပစ္စည်းတွေကို ပိတ်ပင်ဖို့ ဥရောပသမဂ္ဂ(အီးယူ)ကတောင် အဆိုပြုလိုက်ပြီပဲဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်အား စနစ်တကျထိန်းသိမ်းခဲ့ခြင်းမရှိသဖြင့် ယနေ့ကမ္ဘာကြီးပူနွေးလာခြင်း၊ရေခဲပြင်များအရည်ပျော်နှုန်းမြင့်မားလာခဲ့ပြီး ရေပြင်မြင့်တက်လာခဲ့၍ အချို့မြို့များ။ ကျွန်းနိုင်ငံများရေအောက်သို့ ရောက်ရှိသွားနိုင်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ မလိုအပ်ဘဲမိုးသည်းထန်စွာရွာသွန်းခြင်း စသည့်ဘေးအန္တရာယ်များပေါ်ပေါက်လာနေကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။ ယနေ့တွင် နိုင်ငံပေါင်း ၂၀၀ ကျော်မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပူးပေါင်း

ဆောင်ရွက်ကြရန် သဘောတူလက်မှတ်ရေးထိုးထား ကြပါသည်။

မြန်မာနိုင်ငံမှာလည်း ပလတ်စတစ်သုံးစွဲမှု ကို နေရာတော်တော်များများမှာ တွေ့မြင်နေရပါတယ်။ ပလတ်စတစ် အသုံးဆောင်များသည် လွယ်လင့်တကူ အသုံးပြုနိုင်ခြင်း၊ စွန့်ပစ်ရလွယ်ကူခြင်းတို့ကြောင့် ယနေ့ခေတ်ကာလမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲလာတဲ့ပစ္စည်းများ ဖြစ်ပါသည်။ သို့သော် လူသားတို့ လွယ်လွယ်ကူကူ သုံးစွဲနေတဲ့ ပလတ်စတစ်က ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်စေနိုင်ပြီး ယနေ့ခေတ်မှာ အဖြစ်အများဆုံးရောဂါဖြစ်တဲ့ ကင်ဆာ ရောဂါဆိုးကိုပါ ဖြစ်ပွားစေနိုင်တာပဲဖြစ်ပါသည်။

ထိုကဲ့သို့ ကင်ဆာရောဂါဆိုးများအပြင် သုတေသန တစ်ရပ်တွင် ဖော်ပြထားမှုအရ မယ်လမင်းပစ္စည်းများ၊ ပလတ်စတစ်အသုံးအဆောင်များတွင် အစားအစာပူပူကို ထည့်သွင်း အသုံးပြုခြင်းသည် ကျောက်ကပ်၏ ကျန်းမာရေးကို ထိခိုက်စေကြောင်း သိရှိရသည်။





ပလတ်စတစ်နှင့်ကြွတ်ကြွတ်အိတ်၊ စွန့်ပစ်အမှိုက်တို့သည်မြေပြင်မှာသာမက ပင်လယ်ရေအောက် သမုဒ္ဒရာထဲထိ ဆိုးကျိုးများစွာ ပေးနေသည်ကို တွေ့ရစဉ်။





**‘ရေနေသတ္တဝါတွေနှင့် လူသားတို့ရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ပလတ်စတစ်နှင့် တစ်ခါသုံး ဖော့ဘူးများ ’**

၂၀၁၈ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က ရက်သတ္တပတ်ကြာလောက်ကျွမ်းခဲ့သော ထိန်ပင်အမှိုက်ပုံကြီး မီးလောင်ခဲ့စဉ်တုန်းကလည်းပလတ်စတစ်တွေကြောင့်ပဲဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၂၀၁၁ ခုနှစ်မှာထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်က ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံထဲမှာ နံပါတ် ၂ နေရာကို ရောက်နေပြီး ကင်ဆာဖြစ်စေတဲ့ အဓိက အကြောင်းအရင်းတွေကတော့ ပလတ်စတစ်နဲ့တခါသုံး ဖော့ဘူးတွေကြောင့်ပဲ ဖြစ်ပါသည်။

အစားအသောက်တွေဝယ်ယူတဲ့အခါမှာ ထုတ်ပိုးပေးလိုက်တဲ့ ကြွတ်ကြွတ်အိတ်ကြောင့်လည်း လူတော်တော် များများကို ကင်ဆာဖြစ်စေနိုင်ပြီး ပလတ်စတစ်ထဲမှာပါတဲ့ ပလတ်စတစ်ဆိုက်ဇာဆိုတဲ့ ဓာတ်ရယ်၊ စတိုင်ရင်း ( Styrene) ဆိုတဲ့ ဓာတုပစ္စည်းတွေဟာ အပူဓာတ်နဲ့ပဲ တွေ့တွေ့၊ ဆီပါတဲ့ အစားအသောက်နဲ့ပဲ တွေ့တွေ့ အစားအသောက်တွေထဲကို ဓာတ်ပြုပျော်ဝင်စေနိုင်ပါသည်။ ပလတ် စတစ်က လူသားတွေအပြင် ပင်လယ်ရေနေ သတ္တဝါလေးတွေကိုပါ ထိခိုက်စေနိုင်ပါသည်။

ပင်လယ်ရေထဲမှာ လူတွေ အသုံးပြုထားတဲ့ ပလတ် စတစ်တွေဟာ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ ပလတ်စတစ် အစိတ်အပိုင်း အကျိုးအပဲ့လေးတွေ အများကြီး မျောပါနေပါသည်။ ၄င်းပလတ်စတစ် အမှုန်အမွှားလေးတွေက သတ္တဝါတွေရဲ့ အသက် အန္တရာယ်ကို ခြိမ်းခြောက်နေပြီး ကျန်းမာရေးကိုလည်း ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါသည်။

ပင်လယ်သမုဒ္ဒရာတွေထဲက အမှိုက်သရိုက် တွေရဲ့ ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းခန့်ဟာ ပလတ်စတစ် အမှိုက်တွေပဲ ဖြစ်ပါသည်။ သမုဒ္ဒရာတွေ ထဲက တန်ချိန်သန်းနဲ့ ချီပြီးရှိနေတဲ့ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးခွံတွေဟာ ပြိုကွဲကြေမွပြီး ရေထဲကို အဆိပ်အတောက်တွေအဖြစ် ထုတ်လွှတ်နေပြီး ရေနေသတ္တဝါတွေနဲ့ လူသားတွေကို ဘေးအန္တရာယ်ဖြစ်စေနိုင်ပါသည်။

၂၀၁၅ ခုနှစ်က ရန်ကုန်မြို့၊ လသာမြို့နယ်ရှိ နောက်ဖေးလမ်းကြား တစ်နေရာမှ အမှိုက်များနှင့် ပလတ်စတစ်များကို တွေ့ရစဉ် ▶



ပလတ်စတစ် အစအနတွေကို မျိုချမိတဲ့ သတ္တဝါလေးတွေဟာလည်း ဆို့နင့်ပြီး နှစ်စဉ်အကောင်ရေများစွာ သေဆုံးနေရပါသည်။ သေဆုံးနေတဲ့ ဝေလငါးတွေ ၊ မိချောင်းတွေ ၊ ငှက်တွေရဲ့ အစာအိမ် လမ်းကြောင်းထဲမှာ ပလတ်စတစ်စတွေကို တွေ့ရှိခဲ့ရတာပဲဖြစ်ပါသည်။

လူသားတွေသာမက ပင်လယ်ရေနေသတ္တဝါလေးတွေကိုပါ အန္တရာယ်ဖြစ်စေပြီး သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှုကို ဆိုးရွားစွာ ညစ်ညမ်းစေတဲ့ ပလတ်စတစ်ကို တားဆီးကာကွယ်ရေးနှင့် အသုံးပြုမှုများ လျှော့ချခြင်းတို့တွင် ပြည်သူတစ်ရပ်လုံးပါဝင်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းများမှလည်း တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရှိရပါသည်။

ထိုကဲ့သို့ ပလတ်စတစ်မှရရှိသည့် ဆိုးကျိုးများကြောင့်နောက်ဆက်တွဲအနေဖြင့် ကမ္ဘာကြီးပူနွေးလာခြင်း (Global Warming) ဟာ လူသားထုတစ်ရပ်လုံးအတွက် ကြောက်စရာကောင်းသော ခြိမ်းခြောက်မှုကြီး တစ်ခုဖြစ်တယ်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက သတ်မှတ်ထားပါသည်။ ကမ္ဘာကြီးပူနွေးလာမှုဆိုတာ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏထုတ်လွှတ်မှုများပြားပြီး လေထုအပူချိန်မြင့်တက်လာခြင်းပဲဖြစ်ပါသည်။ အဓိကအားဖြင့်တော့ ကမ္ဘာကြီးပူနွေးလာရခြင်းရဲ့အဓိကအကြောင်းအရာ ၃ ခုရှိပါသည်။

## ‘ကမ္ဘာကြီး ပူနွေးလာရခြင်းနှင့် ကမ္ဘာ့အပူချိန်များ မြင့်တတ်လာရခြင်း’

သစ်ပင်တွေ အဆမတန်ခုတ်လှဲမှုကြောင့် သစ်တောများပြုန်းတီးလာခြင်း မြို့ကြီးအများအပြားမှာ လူဦးရေထူထပ် သိပ်သည်းလာခြင်းနှင့် စက်မှုပညာရပ်တွေ တိုးတက်လာရခြင်းကြောင့်လည်း ကမ္ဘာကြီးကို ပူနွေးလာစေနိုင်တာပဲ ဖြစ်ပါသည်။

လူသားတွေ နေထိုင်မကောင်းဖြစ်ခဲ့ပါက ဆေးရုံဆေးခန်းများမှ အထူးကုပါရဂူတွေဖြင့် ပြန်လည်ကျန်းမာသန်စွမ်းလာအောင် လုပ်ဆောင်ပေးနိုင်ပါသော်လည်း လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီး မကျန်းမာပါက ပြန်လည်ကုသပေးနိုင်တဲ့ အထူးကုပါရဂူတွေလည်း ရှိမနေခဲ့ပါဘူး။ သို့ပါသော်လည်း ထိုကဲ့သို့ မစွမ်းဆောင်နိုင်ပေမယ့် သဘာဝတရားကို ချစ်မြတ်နိုးပြီး မိမိတို့နေထိုင်ခဲ့တဲ့ ကမ္ဘာမြေကြီးကို



▲တစ်နေ့ထက်တစ်နေ့ စီးပွားရေးအဆောက်အဦများနှင့် လူနေအိမ်များ ပိုမိုတိုးပွားလာခြင်း



▲ကမ္ဘာမြေကြီးက ဖန်ဆင်းပေးထားသည့် သဘာဝသယံဇာတများ(ငပလီကမ်းခြေကို တွေ့ရစဉ်)

ကောင်းကျိုးတစ်စုံတစ်ရာထောက်ပံ့ပေးချင်တဲ့ စိတ်ထားတစ်ခုတည်းဖြင့် ချစ်သောကမ္ဘာမြေကြီးကို လျစ်လျူရှုမထားသင့်ဘဲ တတ်စွမ်းသလောက်ပြန်လည်ကယ်တင်နိုင်ဖို့အတွက်လည်း ရည်မှန်းထားရှိသင့်ကြပါသည်။

ကမ္ဘာ့အပူချိန်များ မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို အခြားနိုင်ငံများနှင့်စာလျှင် မြန်မာနိုင်ငံ ပိုမိုတွေ့ကြုံလာရမည်ပဲဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ကမ်းရိုးတန်းဒေသများ ရေလွှမ်းမိုးခံရမည့်အပြင် ရာသီဥတု ပြင်းထန်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း (၂၀၁၅ ခုနှစ်တုန်းကကဲ့သို့) နှင့် ဆိုင်ကလုန်း မုန်တိုင်းများ (နာဂစ်မုန်တိုင်းကဲ့သို့) လည်း မကြာခဏဖြစ်ပွားလာမည်ပဲဖြစ်ပါသည်။ မုတ်သုန်မိုးသည် ခန့်မှန်းမရအောင် ဖြစ်ပြီး စိုက်ပျိုးရေးအတွက် များစွာအခက်တွေ့စေမည်ပဲဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လက်ရှိထက်မလျှော့ချနိုင်ပါက လာမည့် နှစ် ၁၀၀ အတွင်း အပူချိန် ၅. ၄ ဒီဂရီစင်တီဂရိတ်အထိမြင့် တက်လာနိုင်ကာ ရန်ကုန်မြို့မှာ ရေဖုံးလွှမ်းခံရနိုင်သော အခြေအနေရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှလည်း ထုတ်ပြန်ထားပါသည်။

လက်ရှိအတိုင်းသွားပါက မြန်မာနိုင်ငံတွင် ကာဗွန်ဒိုင်အောက် ဆိုက်ထုတ်လွှတ်မှု တိုးတက်လာနိုင်ခြေအနေအထားပေါ်မူတည်ကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ကိုလံဘီယာ တက္ကသိုလ်မှပညာရှင်များနှင့် တွက်ချက်ထားခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်မှလာမည့် ၂၁၀၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက် ဆိုက်ထုတ်လွှတ်မှုကို မလျှော့ချဘဲ လက်ရှိအတိုင်းသွားပါက အပူချိန်မည်မျှမြင့်တက်လာမည်ဖြစ်ပြီး လျှော့ချပါကမည်သို့ ဖြစ်လာမည်၊ စနစ်တကျဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းထိန်းချုပ်ပါကမည်သို့ ဖြစ်လာမည်၊ လုံးဝမသုံးတော့ဘဲ လက်ရှိ ထက်မတက်အောင် ထိန်းထားနိုင်ပါကမည်သို့ဖြစ်လာမည်တို့ကို ခန့်မှန်းတွက် ချက်ထားခြင်းဖြစ်ကြောင်း သိရသည်။

စိုးရိမ်ဖွယ်ရာများရှိနိုင်သော မြန်မာနိုင်ငံအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပိုင်း တွင် ပြည်ပနိုင်ငံများမှ သတ်မှတ်ထားသော အန္တရာယ်ရှိသည့် အဆင့်ထိ မရောက်ရှိသေးသော်လည်း ထုတ်လွှတ်မှုပိုင်း နှစ်စဉ်မြင့်တက်မှုရှိလာသောကြောင့် စိုးရိမ်ဖွယ်ရာများရှိနိုင်ကြောင်း သိရသည်။ ထို့ပြင် ဗြိတိန်အခြေစိုက် Christian Aid ကထုတ်ဝေသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လေ့လာခန့်မှန်းချက်များတွင်လည်း ကမ္ဘာကြီးအပူချိန် မြင့်တက်မှုကြောင့် သက္ကရာဇ် ၂၀၅၀ ၌ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ပေ ၂၀ ခန့် ပိုမို မြင့်တက်လာနိုင်ကြောင်းနှင့် ရေဖုံးလွှမ်းခံရနိုင်သောမြို့စာရင်းတွင် ရန်ကုန်မြို့ကို ထိပ်ဆုံးမှ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

ကမ္ဘာ့ပင်လယ်ရေမြင့်တက်လာမှုသည် ကမ္ဘာကြီးပူနွေးမှု၊ ရေခဲအရည်ပျော်မှုနှင့်ကမ္ဘာ့မြေသား မခိုင်ဘဲ အောက်သို့တဖြည်းဖြည်းနိမ့်ဆင်းနေမှုများကြောင့်ဖြစ်ကာ ပင်လယ်ရေပေ ၂၀ ခန့် မြင့်တက်လာပါက ရေဖုံးလွှမ်းခံရနိုင်သောဒေသများတွင် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသပါဝင်ကြောင်းလည်း သိရှိရပါသည်။

## ကမ္ဘာမြေကြီးကို ကောင်းကျိုးတစ်စုံတစ်ရာ ထောက်ပံ့ပေးခြင်း

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် မခံမရပ်နိုင်အောင် ပူပြင်းလာလိမ့်မည်။ ယခုအခါ မြန်မာနိုင်ငံတွင် အပူချိန် အလွန်အမင်းဖြစ်သောနေ့ရက် တစ်နှစ်လျှင် ၁၀ ရက်ခန့်သာ ကြုံရသေးသည်။ ကမ္ဘာတစ်ဝှမ်းရှိ အစိုးရ အသီးသီးက ရာသီဥတုပြောင်းလဲလာမှုကို တွန်းလှန်ရန် ယခုချက်ချင်း ထိရောက်စွာ ဆောင်ရွက်သည့်တိုင် ဤရာစုနှစ်အကုန်တွင် မြန်မာနိုင်ငံ၌ အလွန်အမင်း ပူပြင်းသောရက်ပေါင်း တစ်နှစ်လျှင် ၂၀၀ ကျော် ခံစားရနိုင်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဦးဆောင်ဦးရွက် ပြုသင့်ပါသည်။ ကမ္ဘာတစ်ဝှမ်းက ဆွေးနွေးပွဲများတွင် ရှေ့ဆုံးက ပါဝင်ကာ ရာသီဥတု ပြောင်းလဲမှုကို ထိန်းချုပ်နိုင်ရန် စွမ်းစွမ်းတမံ ဆောင်ရွက်သင့်ကြောင်း အရေးဆိုသင့်ပါသည်။

ပြည်တွင်း၌လည်း အစိုးရအဖွဲ့က ပြုလုပ်သမျှ

ဆုံးဖြတ်ချက်များ အားလုံးတွင် ရာသီဥတု ပြောင်းလဲမှုနှင့် ပိုမို စိမ်းစိုသော အနာဂတ်ကို အမြဲတစေ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ သစ်တောများ၊ ကမ်းရိုးတန်းနှင့် ထူးခြားစုံလင်သော ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်း၊ မော်တော်ကားအသုံးပြုမှု လျှော့ချခြင်းနှင့် မြို့ပြ စီမံကိန်းရေးဆွဲရာတွင် အများပြည်သူ ပို့ဆောင်ဆက်သွယ်ရေးကို ဗဟိုပြုခြင်း၊ ပိုမိုစိမ်းစိုသော မြို့ပြများ တည်ဆောက်ခြင်းနှင့် သန့်စင်သော စွမ်းအင် သုံးစွဲမှုကို မြှင့်တင်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပြီး အခြားနိုင်ငံများ စံနမူနာပြုနိုင်သည့် နိုင်ငံတစ်ခု ဖြစ်လာသင့်ပါသည်။

### ‘ချစ်တတ်ကြစေ ကမ္ဘာမြေ ထိန်းသိမ်းကာကွယ်၊ တို့ကမ္ဘာပေါ်ဝယ်’

လူသားများသည် ကမ္ဘာကြီးကပေးနိုင်သည့် သဘာဝသယံဇာတများထက် ပိုမို၍ အလွန်အကျွံ သုံးစွဲနေကြပါသည်။ လူဦးရေတိုးပွားလာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများက ကမ္ဘာပေါ်ရှိ ဂေဟစနစ်များကို ပျောက်ကွယ်လုနီးနီး ဖြစ်အောင် ဖန်တီးနေပါသည်။ နှစ် ၂၀၂၀ တွင် လူဦးရေသန်းပေါင်း ၉၆၀၀ ဖြစ်လာမည်ဟု ခန့်မှန်းထားပါသည်။ လူသားများသည် သဘာဝသယံဇာတများကို ယနေ့ပုံစံအတိုင်း ဆက်၍ သုံးစွဲမည် ဆိုပါက ၂၀၂၀ ခုနှစ်ရောက်လျှင် လူသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကမ္ဘာ ၃ ခု လိုအပ်လာပါမည်။

လူသားများ၏ အိပ်မက်များ ပြည့်ဝစေရန် ကမ္ဘာပေါ်ရှိ သဘာဝသယံဇာတများကို တာဝန်သိတတ်စွာနှင့် စနစ်တကျ သုံးစွဲဖို့ လိုအပ်နေပါပြီ။ ကမ္ဘာကြီးကို ထိခိုက်ပျက်စီးစေပြီး လူသားများ၏ အကျိုးစီးပွားကို တိုးတက်လာအောင် မပြုလုပ်သင့်ပါ။ သဘာဝသယံဇာတများကို အနည်းဆုံး သုံးစွဲ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အများဆုံးလုပ်ဆောင်ခြင်းဖြင့်သာ ရေရှည်တည်တန့်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးသင့်ပါသည်။

### သဘာဝသယံဇာတ အမျိုးမျိုး

ကမ္ဘာပေါ်ရှိ ရေအားလုံး၏ ၃ ရာခိုင်နှုန်းသာ သောက်သုံးလို့ ရသည့် ရေချိုဖြစ်ပြီး ၄င်းရေချိုထဲမှ ၂.၅ ရာခိုင်နှုန်းသည် မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတွင် ရေခဲပြင်အဖြစ် တည်ရှိပါသည်။ ကျန်ရှိသည့် ရေချို ၀.၅ ရာခိုင်နှုန်းကိုသာ လူသားတို့၏ ရေချိုလိုအပ်ချက်နှင့် ရေချိုဂေဟစနစ်အတွက် အသုံးပြုရပါသည်။ မြစ်ချောင်းနှင့် အင်းအိုင်ထဲရှိ ရေများကို သဘာဝက ပြန်လည် သန့်စင်အောင်လုပ်နိုင်သည့် နှုန်းထားထက် မြန်ဆန်သည့် နှုန်းထားဖြင့် လူသားများက ညစ်ညမ်းအောင် ပြုလုပ်နေပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေ သန်းပေါင်း ၁,၀၀၀ ခန့်သည် ရေချိုရရှိရန် အခက်အခဲ တွေ့နေဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံတွင်လည်း မြစ်ချောင်းအင်းအိုင်များကို ထိန်းသိမ်းမှသာလျှင် ရေချိုရှားပါးမှု ဘေးမှ ကင်းဝေးနိုင်ပါမည်။ ရန်ကုန်မြို့တွင်လည်း အဝီစိတွင်းများတူး၍ မြေအောက်ရေများအလွန်အကျွံ ထုတ်ယူခြင်းကို ကြပ်မတ်သင့်ပါသည်။ မြေအောက်ရေများ အလွန်အကျွံ ထုတ်ယူပါလျှင် ဘန်ကောက်နှင့် ဂျကာတာ မြို့ကြီးများကဲ့သို့ ရန်ကုန်မြို့ နိမ့်ဆင်းသွားနိုင်ပါသည်။ ရန်ကုန်မြို့နိမ့်ဆင်းသွား လျှင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

မည်မျှပင် နည်းပညာ အသစ်များသုံးကာ စွမ်းအင် ကို ထိရောက်အောင် သုံးစွဲနေသော်လည်း ၂၀၂၀ ခုနှစ် တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ သုံးစွဲသည့်စွမ်းအင်သည် ၃၅ ရာခိုင်နှုန်း တိုးလာပါမည်။ သယ်ယူပို့ဆောင်ရေး အတွက် စွမ်းအင်ကို အများဆုံးသုံးစွဲ မှာဖြစ်ပြီး စီးပွားရေးအဆောက်အဦနှင့် လူနေအိမ်များ၏ စွမ်းအင်သုံးစွဲမှုကို ဒုတိယလိုက်ပါမည်။ ၂၀၁၂ ခုနှစ်က ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် မော်တော်ကား သန်း ၅၅၀ ရှိရာမှ ၂၀၂၀ ခုရောက် လျှင် သန်း ၇၂၆ သို့ တိုးလာပါလိမ့်မည်။ မော်တော်ကားများသွားလာသည့် ကီလိုမီတာ သည် ၄၀ရာခိုင်နှုန်းတိုးလာမှာဖြစ်ပြီး လေကြောင်းသွားလာမှု သည် ကမ္ဘာပေါ်တွင် ၃ဆ တိုးလာမည်ဟုခန့်မှန်းထားပါသည်။



▲သယ်ယူပို့ဆောင်ရေးအတွက် စွမ်းအင်ကိုအများဆုံး သုံးစွဲခြင်းသည်လည်းကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်စေရခြင်း

### သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့် ရာသီဥတု ပြောင်းလဲလာခြင်းအတွက်ကြိုတင်ပြင်ဆင်ခြင်း

မိမိတို့နေထိုင်ရာလူနေမှုပုံစံ ကို မထိခိုက်စေပဲ စွမ်းအင်ကို ခြွေတာသုံးစွဲနိုင်သည့် နည်းလမ်းများကို ရှာဖွေရပါမည်။ ပြန်ပြည့်မြဲ စွမ်းအင်ကို တတ်နိုင်သလောက် သုံးစွဲရန်လိုအပ်ပါသည်။ ဝမ်းသာစရာကောင်းသည့်သတင်းမှာ ပြန်ပြည့်မြဲစွမ်းအင် ထုတ်လုပ်စရိတ်များကလည်းလူတိုင်းသုံးစွဲနိုင်သည့်အနေအထားသို့ တစ်နေ့တခြား ပြောင်းလဲလာနေပါသည်။

အစားအသောက်စိုက်ပျိုးထုတ်လုပ်သည့် အလေ့အကျင့်များနှင့် အစားအသောက်ထုတ်လုပ်သည့် စက်ရုံများ၏ အလေ့အထများကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သလို လူသားများ၏ အစားအသောက်ပုံစံ နှင့် အမူအကျင့်များကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ အစားအသောက်အတွက် စွမ်းအင်ကိုသုံးစွဲ ရသလို အစားအသောက်မှလည်း စွန့်ပစ် ပစ္စည်းများထွက်ရှိပါသည်။



▲ကမ္ဘာကြီးကို ထိခိုက်ပျက်စီးစေအောင် လူသားများ၏ အကျိုးစီးပွားကို တိုးတက်အောင် မပြုလုပ်သင့်ပါ။

နှစ်စဉ် ကမ္ဘာပေါ်တွင် အစားအသောက် တန်သန်းတစ်ထောင်နှင့် သုံးရာ အလဟဿ ဖြစ်နေ ရသော်လည်း လူသန်းတစ်ထောင်ခန့်သည် အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရပြီးနောက် သန်းတစ်ထောင်သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရပါသည်။

ချမ်းသာသည့် နိုင်ငံများက အစားအသောက်များကို အလွန်အကျွံ ပိုလျှံစွာ စားသုံးခြင်းကြောင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်လျက် ရှိပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းပေါင်းတစ်ထောင့်ငါးရာသည် အဝလွန်နေပါသည်။ ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း၊ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးခြင်း၊ မြစ်ချောင်း အင်းအိုင်များ ညစ်ညမ်းခြင်း၊ ငါးများအလွန် အကျွံ ဖမ်းဆီးခြင်း ငါးမျိုးပြုန်းတီးခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်းကြောင့် ပင်လယ်တွင်းရှိ ဂေဟစနစ်များပျက် စီးခြင်းတို့သည် အစားအသောက်ကို ထုတ်ပေးသော သဘာဝသယံဇာတများကို ဖျက်စီးပစ်နေခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အသုံးပြုသော စွမ်းအင်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို အစားအသောက်ကဏ္ဍအတွက် အသုံးပြုရပါသည်။ ဖန်လုံအိမ် ဓါတ်ငွေ့ ၏ ၂၂ ရာခိုင်နှုန်းသည် အစားအသောက်ကဏ္ဍမှ ထုတ်လွှတ်ပါသည်။ မလိုအပ်ပဲ အစားအသောက်များကို ပိုလျှံစွာ စားသုံးခြင်းသည် ဈေးနှုန်းကို မြင့်မားစေပါသည်။ အစားအသောက်များကို တိုး၍ ထုတ်လုပ်ရသည့် အတွက်လည်း သဘာဝသယံဇာတများကို ပိုမိုသုံးစွဲရပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့် ရာသီဥတု ပြောင်းလဲလာမှုအတွက် ကြိုတင်ပြင်ဆင်ခြင်းတို့သည် တိုင်းသူပြည်သား အားလုံးကို စည်းလုံးညီညွတ်စေသည့်အကြောင်းတစ်ရပ် ဖြစ်သင့်ပါသည်။ ဤသည်မှာ ယခုလက်ရှိတွင် မိမိတို့ နိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် အရေးအကြီးဆုံးသော အရေးကိစ္စပင် ဖြစ်ပါသည်။

*Source: U Kyaw Kyaw Hlaing*



▲နှစ်ပေါင်း ၄၅၀ ကျော်သည်ထိတိုင် ပျက်စီးပျောက်ပြယ် မသွားဘဲ ဆိုးကျိုးများစွာပေးသည့် ပလတ်စတစ် ဘူးခွံများ



▲ရေမလိုဘဲ မော်တော်ယာဥ်ဆေးကြောသန့်စင်ခြင်း။

လေထုညစ်ညမ်းခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်း

# "ရေချိုစနစ်ကို ချွေတာပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို အတိုင်းအတာတစ်ခုအထိ လျှော့နည်းသွားစေချင်တဲ့ Sayy-Mal"

**သဘာဝသယံဇာတဖြစ်တဲ့ ရေချိုကို စနစ်တကျသုံးစွဲစေချင်ပြီး ရန်ကုန်မြို့တွေထဲမှာ ကားလမ်းကြပ်တည်းမှု အခက်အခဲနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အတိုင်းအတာတစ်ခုအထိ လျှော့နည်းသွားစေချင်တာကြောင့် Sayy- Mal Car Servicing လုပ်ငန်းကို စတင်ထူထောင်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**Sayy-Mal လို့ အမည်ရတဲ့ ရေမလိုဘဲ သန့်စင်ဆေးကြောပေးတဲ့ Car Wash Service ကို စတင်ဖြစ်ခဲ့ပုံလေးကို သိပါရစေ။**

စတင်ခဲ့တာကတော့ ကျွန်တော်တို့မှာ Partners ၄ ယောက်ရှိတယ်။ Start-up တစ်ခုကို စလုပ်ကြမယ်ဆိုတော့ ကျွန်တော်တို့ ပထမဆုံးစဉ်းစားမိတာ မြန်မာပြည် ဈေးကွက်ထဲမှာ (အထူးသဖြင့် ရန်ကုန်က) လူတွေ ဘာတွေလိုအပ်ချက်ရှိမလဲ၊ နေ့စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ဘာတွေရှိမလဲပေ့ါ။ အဲ့ဒီလိုအပ်ချက်တွေထဲကမှ ဘယ်အရာတွေကိုတော့ ကျွန်တော်တို့အနေနဲ့ ကူညီဖြေရှင်းပေးလို့ ရနိုင်မလဲဆိုတာ ကို ဦးဆုံးစဉ်းစားကြည့်တယ်။ အဲ့လိုစဉ်းစားတော့ ကျွန်တော်တို့အားလုံးမှာ တူညီတဲ့ အမြင်တစ်ခုရလာတယ်။ နေ့စဉ် ရန်ကုန်မှာ ကိုယ်ပိုင်ကားစီးတဲ့သူတွေအနေနဲ့ ကားသန့်ရှင်းရေးလုပ်ဖို့အတွက် နေရာအခက်အခဲရှိတာ၊ ရေအရင်းအမြစ်လိုအပ်တာ၊ ဝန်ဆောင်မှုပေးနေတဲ့ နေရာတွေရှိနေပေမယ့် ကားသန့်ရှင်းရေးလုပ်ဖို့ အချိန်မပေးနိုင်တာ၊ အချိန်မပေးချင်တာ၊ ကားပိတ်တဲ့ကြားထဲက ကားသန့်ရှင်းရေးလုပ်ဖို့ အတွက် သီးသန့်တကူးတက အချိန်ပေးနေရတာတွေ အမြဲလိုလိုကြုံနေရတယ်။ အဲ့တော့ ဒီလိုအဆင်မပြေဖြစ်နေတာတွေကို ကျွန်တော်တို့အနေနဲ့ ဘယ်လိုဝန်ဆောင်မှုမျိုးပေးပြီး ဖြေရှင်းပေးလို့ရမလဲဆိုပြီး စဉ်းစားကြရင်း ဒီ idea လေး စရလာတာပါ။

Idea စရလာပေမယ့် လုပ်ငန်းစလုပ်ဖြစ်တာတော့ ၅ လ လောက် နောက်ကျတယ် ခင်ဗျ။ လုပ်ငန်းမစခင်မှာ ဖြစ်နိုင်မလားဆိုပြီး Market research လုပ်ကြည့်တယ်။ နောက် Business Plan လေးဆွဲကြည့်ပြီး ဖြစ်နိုင်မလား မဖြစ်နိုင်မလား ပြန်တိုင်ပင်ကြတယ်။ နောက်တော့မှ Chemical ပစ္စည်းတွေစမှာယူတယ်။ ကိုယ်တိုင်အမျိုးမျိုး စမ်းသပ်ကြည့်တယ်။ ဘယ်ပစ္စည်းကတော့ ကျွန်တော့တို့နိုင်ငံအခြေအနေ၊ သင့်သင့်မျှတတဲ့ ဈေးနှုန်း၊ ဒီနိုင်ငံမှာရှိတဲ့ ကားတွေရဲ့ အခြေအနေ၊ ရာသီဥတု အားလုံးနဲ့ အဆင်အပြေဆုံးဖြစ်မလဲဆိုတာ မျိုးစုံစမ်းသပ်ကြည့်ရတယ် ခင်ဗျ။ အားလုံးအဆင်ပြေပြီဆိုမှ Distributors တွေဆီကို ကျွန်တော်တို့ ဘာတွေ အဓိကလိုအပ်တယ်၊ ဘယ် Product တွေတော့ကြိုက်တယ် ဆိုပြီး အတိအကျ မှာယူဖြစ်တယ်။ အဲ့လိုမှာယူပြီး အားလုံးအသင့်ဖြစ်ပြီဆိုမှ ကျွန်တော်တို့ မေလမှာ စမ်းသပ်ကာလ အနေနဲ့ သူငယ်ချင်း အသိ မိတ်ဆွေတွေကို စတင်မိတ်ဆက်ဖြစ်တယ်။ နောက် ဇွန်လ မှာမှ customer တွေကို ပထမဆုံး ဝန်ဆောင်မှုစတင်ပေးဖြစ်ပါတယ်။ အခုဆို လုပ်ငန်းလုပ်ကိုင်လာတာ ၇ လလောက်ရှိပါပြီ။

**ဈေးကွက်ထဲမှာ Waterless ရေမလိုဘဲ ကားသန့်စင်နိုင်အောင် လုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေခဲ့ပုံလေးကို ဖြေပေးစေချင်ပါတယ်။**

တကယ်က သဘာဝ ပတ်ဝန်းကျင်ထိခိုက် လို့ ထိခိုက်နစ်နာနိုင်တဲ့ နေရာမှာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲ နိုင်ငံတွေက အဆိုးဆုံးပဲလို့ ထင်ပါတယ်။ ဘာလို့လဲဆို တစ်ခုခုဆို အစိုးရအနေနဲ့လဲ သုံးဖို့ ဘတ်ဂျက်က ဖွံ့ဖြိုးပြီးနိုင်ငံတွေလိုလဲ မသုံးနိုင်ဘူး၊ အတွေ့အကြုံလဲ မရှိသေးဘူး၊ ပြီးတော့ ပြည်သူတွေအနေနဲ့ကလဲ နိစ္စဒူဝ ရုန်းကန်နေရတဲ့ အချိန်မှာ သဘာဝပါတ်ဝန်းကျင်ကို ထည့်မစဉ်းစားနိုင်ဘူးပေ့ါ။ ဒီအကျိုးဆက်ကြောင့် ဖြစ်လာမယ့် ပြဿနာတွေကလဲ ချက်ချင်းပြန်ပြင်ဆင်နိုင်ဖို့ ဆိုတာမလွယ်ကူဘူး။ အဲ့တော့ မဖြစ်ခင်က ကြိုတင်ကာကွယ်ကြတာတော့ အကောင်းဆုံးပေါ့။ အထူးသဖြင့် အခု ရန်ကုန်မှာဆို လေထုညစ်ညမ်းတာတွေဖြစ်လာပြီ၊ နောက်တစ်ခုကတော့ ရေချိုအရင်းအမြစ်ဆုံးရှုံးတာတွေလဲ ရှိလာပြီ။ ပြည်သူတွေအနေနဲ့ သိပ်ပြီးတော့ သတိမထားမိကြသေးဘူး။ အဝီစိတွင်းတွေတူးတယ်၊ မြေအောက်ရေတွေ ထုတ်ယူသုံးစွဲမှုတွေကြောင့် မြေအောက်ရေ ခန်းခြောက်တာတွ ဖြစ်လာနိုင်တယ်။ အဲ့ဒါတွေက ကျွန်တော်တို့ ဆင်ဆင်ခြင်ခြင်မသုံးဆွဲရင် ရေရှည်မှာ ပြဿနာဖြစ်ကို ဖြစ်လာနိုင်တယ်။ တခြားနိုင်ငံမှာလဲ ဖြစ်နေပြီ။ မြန်မာနိုင်ငံမှာဆိုလဲ ရန်ကုန်လို မြို့ကြီးတွေမှာသာ မသိသာသေးတာ၊ တစ်ချို့နယ်မြို့လေးတွေမှာဆို နွေရာသီမှာ ရေဓာတ်ခန်းခြောက်တာတွေ ရှိနေပြီ။ ဒါကြောင့် ကျွန်တော်တို့ Sayy-Mal Waterless Carwash Service က ရေချိုအရင်းအမြစ်ဆုံးရှုံးတာကို တစ်ဖက်တစ်လမ်းကနေ ကူညီဖြေရှင်းပေးစေချင်တဲ့ စေတနာပါ။ ကားတစ်စီးဆေးမယ်ဆို ပုံမှန် ရေဂါလံ ၃၀ ကုန်ကျပါတယ်။ အခုဆို Sayy-Mal ကနေ ကားအစီးရေပေါင်း ၈၀၀၀ ကျော် ဝန်ဆောင်မှုပေးပြီးပါပြီ ခင်ဗျာ။ ပြီးတော့ ကားသန့်ရှင်းရေးအတွက် တကူးတက သွားစရာမလိုတော့တဲ့အတွက် ဆီမကုန်တော့ဘူး၊ ကားပိတ်တဲ့ ဒုက္ခလဲ မရှိတော့ဘူး၊ မလိုအပ်ဘဲ ကားစီးစရာမလိုတော့ဘူးဆိုတော့ လေထုညစ်ညမ်းတာကိုလဲ အများအပြားမဟုတ်တောင် တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီဖြေရှင်းပေးပြီးသား ဖြစ်ပါတယ်ခင်ဗျာ။



▲အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးခြင်း။



ကိုညဏ်ထွန်း (Director) ယာနှင့်
ကိုအောင်သူမိုး (Director) ဝဲ
Box Holding Co.,Ltd



▲ကားအတွင်းခန်းများကိုလည်း သန့်စင်ပေးခြင်း။



▲ကွမ်းသီးဖက်များကို အသုံးပြုပြီးထုတ်လုပ်သည့် Nature Myanmar စက်ရုံတစ်နေရာကို တွေ့ရစဉ်။

လူသားတွေကို ဒုက္ခပေးနေတဲ့ ပလတ်စတစ်နှင့်ဖော့ဘူးအန္တရာယ်

# "အသက်နှင့်ခန္ဓာတည်နေသရွေ့ပလတ်စတစ်နှင့် ဖော့ဘူးတွေကိုတိုက်ထုတ်သွားမည် Nature Myanmar"

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် မကျန်းမာတော့တဲ့ ကမ္ဘာမြေကြီးကို အထွေထွေရောဂါ အထူးကုပါရဂူကြီးသဖွယ် ထိန်းသိမ်းပြုစုစောင့်ရှောက်ပေးနေတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင် ကိုမင်းကျော်ဇင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**Nature Myanmar ကို လုပ်ဆောင်ဖြစ်ခဲ့ပုံနှင့် စိတ်ကူးရခဲ့ပုံလေးကို သိပါရစေ။**

နဂိုကတည်းက ပလတ်စတစ်တွေကို မကြိုက်တဲ့အတွက်ပါ။ နောက်ပြီးတော့ ဒီပလတ်စတစ်တွေကိုနေရာတိုင်းမှာ တွေ့ရတယ်။ အဓိကကတော့ စနစ်တကျ မစွန့်ပစ်တဲ့ ပြဿနာပေါ့။ ပလတ်စတစ်နဲ့ဖော့ရဲ့ စွန့်ပစ်တဲ့ အမှိုက်တွေသည် တစ်ကမ္ဘာလုံးမှာ ၉၀ ရာခိုင်နှုန်းလောက်က ဆိုးကျိုးဖြစ်စေတာပါ။ ၁၀ ရာခိုင်နှုန်းလောက်ပဲ recycle ပြန်လုပ်နိုင်တဲ့ အနေအထားရှိတယ်။ လူတွေနေ့စဉ်သုံးပြီး စွန့်ပစ်လိုက်တဲ့ ပလတ်စတစ်အမှိုက်တွေက လူတွေကိုတစ်ချိန်ချိန်မှာ ဒုက္ခပြန်ပေးတော့မယ်ပေါ့နော်။ ကုန်းပေါ်မှာရော၊ ရေပေါ်မှာရော ဒီပြဿနာကို ဖြေရှင်းဖို့အတွက်က တော်တော်လေး ခက်ခက်ခဲခဲ စိန်ခေါ်မှုအကြီးကြီး တစ်ရပ်လို ဖြေရှင်းနေရတာပေါ့နော်။

**Nature Myanmar က အမေရိကားခရီးစဉ်မှာ အောင်မြင်ခဲ့တဲ့အကြောင်းလေးကို ပြန်လည်မျှဝေစေချင်ပါတယ်။**

အမေရိကကတော့ ပလတ်စတစ်နဲ့ဖော့ကို ထိထိရောက်ရောက် တွန်းလှန်ပြီး ပလတ်စတစ်အစားထိုးပြီး တခြားသဘာဝပစ္စည်းတွေကို တန်ဖိုးထားပြီး သုံးစွဲလာတဲ့နေရာမှာ ထိပ်ဆုံးပဲပေါ့နော်။ တချို့နေရာတွေမှာဆိုရင် တင်းတင်းကြပ်ကြပ်ကို တားမြစ်ထားတာဆိုတော့ အခုလို ကျွန်တော်တို့ရဲ့ Nature Myanmar က ထွက်ရှိတဲ့ Products တွေကို စိတ်ဝင်စားတယ်။ စိတ်ဝင်စားတော့ ကျွန်တော်တို့ကိုဖိတ်တယ်။ ဖိတ်တာကတော့ မြန်မာသံရုံးကနေတစ်ဆင့် ဖိတ်တာပေါ့။ သံရုံး Embassy Show Case လို့ ခေါ်တာပေါ့နော်။

**ကုန်ကြမ်းသုံးတဲ့အခါမှာ ကွမ်းသီးဖက်တွေကို ဘယ်လိုရွေးချယ်သုံးစွဲခဲ့တာပါလဲ။**

ဒီပစ္စည်း လုပ်တဲ့အခါမှာ ကွမ်းသီးဖက်ကို ရွေးတယ်ဆိုတာက ကွမ်းသီးဖက်က များများစားစား ရတယ်ပေါ့နော်။ အခြားသော Material တွေထက်စာရင် အဲ့ဒါလည်း တစ်ချက်ပေါ့။ နောက်တစ်ချက် ကျွန်တော်တို့ မသုံးဘူးဆိုရင် ဒီပစ္စည်းတွေက မီးရှို့နေရတာ။ အဲလို မီးရှို့လိုက်ခြင်းဖြင့် လေထု ညစ်ညမ်းလာနိုင်သလို တောမီးလောင်ကျွမ်းတာတို့၊ အခြားကွမ်းသီးခြံတွေရော်ဘာခြံတွေကို ဒုက္ခပေးတာပေါ့။ ဒါမျိုးတွေလည်း အများကြီးရှိတော့ ဘယ်လိုမှ ကောင်းကျိုးမပေးဘူးပေါ့နော်။ ကျွန်တော်တို့က ဒီကွမ်းသီးဖက်တွေကို ကုန်ကြမ်းသုံးဖို့ ရွေးချယ်လိုက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို အများကြီး အကျိုးကျေးဇူးရှိစေတယ်ဆိုပြီး ရွေးချယ်စမ်းသပ်ကြည့်ပြီး သုံးစွဲခဲ့တာ ဖြစ်ပါတယ်။

**စွန့်ဦးတီထွင် လုပ်ဆောင်ခဲ့တဲ့ အစ်ကို့အနေနဲ့ သဘာဝပတ်ဝန်းကျင်ကို ကောင်းကျိုးပြုတဲ့ လုပ်ငန်းကို ဘာလို့ ရွေးချယ်လုပ်ဆောင် ခဲ့တာပါလဲ။**

အဓိကကတော့ ကျွန်တော်တို့က ပလတ် စတစ်ကို မုန်းတဲ့ စိတ်နဲ့ စတင်ခဲ့တာပေါ့နော်။ ကျွန်တော်တို့ကို ဒီပလတ်စတစ်တွေက ဒုက္ခပေးနေပြီ။ ကျွန်တော် မှမဟုတ်ပါဘူး။ အကုန်လုံးလည်း သိပါတယ်။ ဒါကို ကျော်လွှားနိုင်ဖို့အတွက် solutions တွေ ရှာနေကြတယ်။ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ အဖွဲ့အစည်းတွေနဲ့ပါ ရှာဖွေနေကြပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက်တော့ မဖြစ်ဘူးပေါ့နော်။ ကျွန်တော်တို့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဒီ solution တွေကို ရှာဖွေတဲ့ သဘောပါပဲ။

**အစ်ကိုတို့ အခုထုတ်လုပ်တဲ့ တခါသုံးဘူးတွေ၊ ဇွန်းတွေ၊ ပန်းကန်တွေက လုပ်ရတာလည်း လက်ဝင်တယ်။ ဈေးလည်းပိုများတယ်ဆိုတော့ ပလတ်စတစ်နဲ့ဖော့ဘူးတွေ ဈေးကွက်ထဲမှာရော အဆင်ပြေနိုင်ပါ့မလားရှင်။**

အဲ့ကိစ္စကိုလည်း အားလုံးကပြောပါတယ်။ ပစ္စည်းကို customer တွေက သုံးချင်တယ်။ ဒါပေမယ့် ဈေးကြီးတယ်ပေါ့နော်။ ကျွန်တော်တို့လည်း အကုန်အဆင်ပြေစေမယ့်နည်းလမ်းကို ရှာနေပါတယ်။ လက်ရှိအနေအထားမှာ လျှော့ချပစ်ဖို့တော့ သိပ်မလွယ်ဘူး။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ဒေသခံတွေ ကိုယ်တိုင်ထုတ်လုပ်လာနိုင်တဲ့ အနေအထားဖြစ်လာရင်တော့ ဈေးနှုန်းတွေ လျော့သွားမှာပေါ့နော်။ ဒီလိုပဲတစ်ဆင့်ချင်း တစ်ဆင့် ချင်း သွားရမှာပါ။ ကျွန်တော်တို့ကိုယ်တိုင်တောင် အခုထိ Perfect မဖြစ်သေးဘူးလို့ ထင်တယ်။ နည်းပညာပိုင်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး စိုက်ထုတ်ရမယ်။ ကွမ်းစိုက်တောင်သူတွေကိုယ်တိုင် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပေးနိုင်ပြီးသွားပြီရင်တော့ Costs တွေ အများကြီး သက်သာသွားမှာပါ။



▲Nature Myanmar မှ ထုတ်လုပ်သည့် ပစ္စည်းများကို ဈေးကွက်ထဲသို့ မဖြန့်ချိမီ စနစ်တကျ ထုတ်ပိုးနေစဉ်။

**Nature Myanmar ကနေ မကျန်းမာတော့တဲ့ ကမ္ဘာမြေကြီးအတွက် အသက်ရှည်ပြီးစိမ်းစိမ်းစိုစိုနဲ့ ပြန်လည် ကျန်းမာလာအောင်ဘယ်လို ဆက်လက်လုပ်ဆောင်သွားဖို့ရှိလဲ။**

အသက်နှင့်ခန္ဓာတည်နေသရွေ့ပလတ်စတစ် နဲ့ဖော့ဘူးတွေကို တိုက်ထုတ်သွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပလတ်စတစ်တွေက ထုတ်လုပ်ရတာ အရမ်းလွယ်ကူပြီး သုံးရတာလည်း လွယ်တယ်။ ပြန်သိမ်းတဲ့နေရာမှာသာ ခက်တာ။ အဲဒါက ဒုက္ခပေးတာ။ လူတွေကို ပလတ်စတစ်မသုံးစွဲဖို့အတွက် တစ်ဖက်တစ်လမ်းကနေ လမ်းညွှန်ပြသပေးသွားမယ်။ ဒါနဲ့ပတ်သက်ပြီး Campaingn တွေ လုပ်သွားဖို့လည်း ရှိပါတယ်။



▲ကွမ်းသီးဖက်များနှင့်ထုတ်လုပ်ထားသည့် တခါသုံး ပန်းကန်ပြားတွေကို အချောသတ်နေစဉ်။



ကိုမင်းကျော်ဇင် (Founder & CEO)
NatureMyanmar Ecosphere Co.,Ltd
Biodegradable Product Manufactruing



# TOP INTERVIEW

## Permanent Secretary, Ministry of Foreign Affairs, as Ambassador Extraordinary and Plenipotentiary of the Republic of the Union of Myanmar to Japan

## U Myint Thu

Born in Yangon in 1963. Joined the Ministry of Agriculture, Livestock and Irrigation in 1985. He joined the Ministry of Foreign Affairs in 1990 and served as the third secretary at the embassy in Japan from 1993. After that, he was appointed to Myanmar's Delegation of the United Nations in Geneva and held key positions such as the ASEAN Bureau Director of the Ministry of Foreign Affairs. He has been in his current position since 2019. He has participated in many meetings, including the ASEAN Summit and the United Nations General Assembly. He has also received the Excellent Civil Service Award for outstanding civil servants.

# ၂၀၁၉ ခုနှစ်တွင် စတင် တာဝန်ထမ်းဆောင်သော ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး

### "၂၂ နှစ် အကြာတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ခေတ်သစ်သံအမတ်ကြီး"

**Yutaka Nagasugi :** အသစ်ခန့်အပ်လိုက်သော ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဦးမြင့်သူနှင့် တွေ့ဆုံခဲ့ပါတယ်။ ပထမဦးစွာသံအမတ်ကြီးအသစ် အနေနဲ့ ကျေးဇူးပြု၍ သင်၏ခံစားချက်ကို ဖော်ပြပေးပါ။

**U Myint Thu :** ဂျပန်နိုင်ငံဆိုင်ရာသံအမတ်အဖြစ်ခန့်အပ်ခြင်းခံရ ပြီး၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလရက်နေ့မှစပြီး တိုကျိုမြို့သို့ရောက်ရှိခဲ့ပါတယ်။ အမှန်က ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တိုကျိုမြို့တွင် မြန်မာသံရုံး၏တတိယအတွင်းဝန်အဖြစ်တာဝန်ထမ်း ဆောင်ခဲ့ဖူးသော်လည်း ဂျပန်သည် ထိုစဉ်ကနှင့် နှိုင်းယှဉ်လျှင်တိုးတက်မှုများစွာရှိပါတယ်။

Reiwa ခေတ်သစ်အစတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ရောက်ရှိခြင်းအတွက် အလွန်ဂုဏ်ယူဝမ်းမြောက် မိပါတယ်။အောက်တိုဘာ ၂၂ ရက်နေ့မှာ ဧကရာဇ် နန်းတက်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပြီး ပိုပြီး ဂုဏ်ယူမိပါတယ်။ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘုရင်မင်းမြတ်အား သံအမတ်ခန့်အပ်လွှာ ပေးအပ်ခဲ့ပါတယ်။ Reiwa ခေတ်မှာ နှစ်နိုင်ငံလုံးကသူတို့ရဲ့ နားလည်မှုကို ပိုမို နက်ရှိုင်းစေပြီး ပိုမိုကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ကြပါလိမ့်မယ်။

**Yutaka Nagasugi :** နှစ်နိုင်ငံလုံး နှစ်ပေါင်းများစွာရင်းနှီးသောသမိုင်းကြောင်းရှိသည့်အတွက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်သည် အလွန် အရေးကြီးသော ရာထူးတစ်ခုဖြစ်ပါတယ်။ ဒီတာဝန်နဲ့ ပတ်သက်ပြီး ဘယ်လိုတွေးထားပါသလဲ။

**U Myint Thu :** သံအမတ်မလုပ်ခင်နိုင်ငံခြားရေးဝန်ကြီးဌာနမှာ လက်ထောက်အတွင်းဝန်အဖြစ်လုပ်ကိုင်ခဲ့ပါတယ်။ ဝန်ကြီးဌာန၏ အဆင့်မြင့်ရာထူးတစ်ခုဖြစ်ပါတယ်။ ယခင်ဂျပန်သံအမတ်ကြီးကိုလည်း ကျွန်ုပ်ကဲ့သို့ အရေးကြီးသောရာထူးများကိုခန့်အပ်ခဲ့ပါတယ်။ ထို့ကြောင့်ကျွန်ုပ်တို့နိုင်ငံက ဂျပန်နိုင်ငံကိုအလွန် လေးစားမှုနှင့် ချစ်ခင်မှုပြသခဲ့သည်ကို တွေ့မြင်နိုင်ပါတယ်။

ပထမရည်မှန်းချက်မှာ ဂျပန်နိုင်ငံအား မြန်မာနိုင်ငံတွင် ရင်းနှီးမြုပ်နှံရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်ဖြစ်ပါတယ်။ ဂျပန်သို့ရောက်ရှိပြီး သုံးလအတွင်း Toyama, Saitama, Niigata, Ibaraki, Aichi တို့ကိုသွားရောက်ခဲ့ပြီး၊ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏စီးပွားရေးနှင့် ရင်းနှီးမြုပ်နှံမှုများကိုရှင်းပြရန်အတွက် ဒေသန္တရ တာဝန်ရှိသူများနှင့် ကုန်သည်ကြီးများကို များနိုင်သမျှများများ တွေ့ဆုံခြင်းများပြုလုပ်ပါမယ်။

သို့သော် ရင်းနှီးမြုပ်နှံမှုများကို ဖိတ်ခေါ်မည့်အစား ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်း ကျင်နှင့်ပညာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိ သည့်ကုမ္ပဏီများကို လိုချင်ပါတယ်။ စီးပွားရေးအတွက်သာမက ဂျပန်နိုင်ငံတွင်နေထိုင်သောမြန်မာလူမျိုးတို့၏အကျိုးစီးပွားကိုကာကွယ်ရန်နှင့် အပြန်အလှန်နားလည်မှုကိုမြှင့်တင်ရန်လည်းအရေးကြီးပါတယ်။

# "To the embassy in Japan for the first time in 22 years, I am honored to be a new ambassador"

## "New Myanmar Ambassador to Japan since 2019"

*—— U Myint Thu*

Yutaka Nagasugi : In this issue, we talk to U Myint Thu, who has recently become an Ambassador Extraordinary and Plenipotentiary to Japan. First, as a new ambassador, please tell us your current feelings.

U Myint Thu : I was appointed an Ambassador Extraordinary and Plenipotentiary to Japan and have been in Tokyo since September 7, 2019. Actually, I had worked in Tokyo from 1993 to 1997 as the Third Secretary of the Embassy of Myanmar, but I felt that Japan was undergoing phenomenal development compared to then. It is a great honor to come to Japan as an ambassador for the beginning of the new era of Reiwa. On October 22, I attended the Emperor Naruhito's enthronement ceremony, and I felt more honored. And on December 12, I presented my credentials to the Emperor. In the days of Reiwa, both nations will work to deepen their understanding and build better relationships.

## "Seeing is Believing I want you to see the relationship between Japan and Myanmar better than ever"

*—— U Myint Thu*

Yutaka Nagasugi : Myanmar ambassador to Japan is a very important position for both countries, which have a long history of close relationships. What do you think of your mission this time?

U Myint Thu : Before working as an Ambassador, I worked as a Permanent Secretary at the Ministry of Foreign Affairs. This position is at the highest level in the ministry. The former ambassador to Japan has been assigned to those who have experienced important positions like I have, so you can see that Myanmar has shown great respect and friendship to Japan. My first mission is to encourage Japan to invest more in Myanmar and promote bilateral cooperation. Within three months of my arrival, I have already visited Toyama, Saitama, Niigata, Ibaraki and Aichi. I will continue to meet with as many local governments and chambers of commerce as possible to explain Myanmar's

## "ကမ္ဘာအနှံ့စီးပွားရေးကျဆင်းခြင်း၏အကျိုးသက်ရောက်မှုသည် ငွေကြေးဖောင်းပွမှုလက္ခဏာများကိုပြသပါတယ်"

Yutaka Nagasugi : ၂၀၁၉ ခုနှစ်၊ နိဝင်ဘာလတွင် နိုင်ငံခြားအာမခံကုမ္ပဏီ ၁၁ခုကို လုပ်ငန်းလိုင်စင်ချပေးပါတယ်။ ထို့အပြင် နိုင်ငံခြားအရင်းအနှီး စီးဝင်မှုများကလည်း စက်မှုလုပ်ငန်းအမျိုးမျိုးတွင် အရှိန်မြင့်တက်လျက်ရှိပါတယ်။ ယခု အခြေအနေများနဲ့ပတ်သက်ပြီး ဂျပန်စီးပွားရေး အသိုင်းအဝိုင်းအနေနဲ့ဘယ်လိုမျှော်လင့်ထားပါသလဲ။

U Myint Thu : ၂၀၁၉ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမြန်မာနိုင်ငံမှ ဂျပန်သို့တင်ပို့မှုမှာ အဝတ်အထည်၊ အစားအစာနှင့် သတ္တုရိုင်းအပါအဝင် ဒေါ်လာ ၁. ၄ဘီလီယံနှင့် ကားများ၊စက်ပစ္စည်းများအပါအဝင် သွင်းကုန် ဒေါ်လာသန်း ၄၈၀ ဖြစ်ပါတယ်။ ထို့အပြင် ဂျပန်ကုမ္ပဏီများသည် အထူးစီးပွားရေးဇုန်ဥပဒေအရ စက်မှုလုပ်ငန်း ၃၉ ခုတွင် ဒေါ်လာ ၆၇၅ သန်းရင်းနှီးမြှုပ်နှံထားပြီး၊ အတော်များပြားသော ပမာဏဖြစ်ပါတယ်။ ဒီကိန်းဂဏန်းတွေအပြင် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် သိသာထင်ရှားတဲ့ ပံ့ပိုးမှုတွေ ပေးနေတာကိုလည်း အသိအမှတ်ပြုရန် အရေးကြီးပါတယ်။ အာမခံလုပ်ငန်းလိုင်စင် များထုတ်ပေးခြင်းနှင့်ပတ်သတ်၍လည်း ၁၉၉၀ ပြည့်လွန် နှစ်များထဲကဂျပန် အစိုးရ၊ JICA နှင့်ဂျပန် အာမခံကုမ္ပဏီများက နည်းပညာ



economy and investment. However, we are not promoting investment just to everyone, we want to actively attract companies that have a positive effect on the environment and education in Myanmar. Of course, it is important to promote mutual understanding and protect the interests of Myanmar residents in Japan, as well as the economy.

## "Because of the global economic slowdown Signs of inflation improvement"

*U Myint Thu*

Yutaka Nagasugi : In November 2019, business licenses were issued to 11 foreign insurance companies. In addition, the inflow of foreign capital is accelerating in various industries. What are the expectations of the Japanese business community in this context?

U Myint Thu : During fiscal 2019, Myanmar's exports to Japan amounted to $ 1.4 billion in clothing, food, and ore. Conversely, imports are $ 480 million for cars and machinery. In addition, Japanese companies have invested $ 675 million in 39 industries under the SEZ law, accounting for a large percentage. Apart from the numbers, it is important to recognize that Japan has made a significant contribution to Myanmar. Regarding the issuance of insurance licenses, the Japanese government, JICA and major Japanese insurance companies have been providing technical assistance to the Myanmar insurance industry since the 1990s. These facts make Japan the most important partner for Myanmar. I hope for the Japanese business community to accelerate this trend. I would also like to bring Japanese companies' high awareness of environmental issues and good Japanese customs to Myanmar.

Yutaka Nagasugi : While there are economic development benefits from foreign investment, there are also concerns about fiscal deficits and inflation. What are your views on the current state and challenges of the Myanmar economy?

U Myint Thu : It is true that the slowdown in the world economy has an impact on the Myanmar economy. According to the World Bank and the IMF, Myanmar should keep its deficit within 5% of GDP, but it is currently 5.9%, which is over that range. Myanmar's National Planning Commission estimates that the deficit will reach $ 4.5 billion by 2020. This is a matter that needs to be remedied. But it's not the only negative that we have. For example, according to the World Bank's Myanmar Economic Monitor, inflation was 8.8% i n 2018, then it fell to 6.1% in the first half of 2019. This can be seen as a positive



အကူအညီများ ပေးခဲ့ပါသည်။ ဤအကြောင်းပြချက်များကြောင့် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးပါဆုံး မိတ်ဖက်ဖြစ်နိုင်သည်ဟုဆိုနိုင်ပါသည်။ ဂျပန်စီးပွား ရေးအသိုင်းအဝိုင်းကနေ ဒီလမ်းကြောင်းသစ် အရှိန်မြှင့်ရန်မျှော်လင့်ပါတယ်။ ထို့အပြင် ဂျပန်ကုမ္ပဏီများ၏သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့်ပြဿနာဖြေရှင်းပုံများနှင့်ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများကို မြန်မာလူမျိုးများကို ပိုပြီးသိရှိနားလည်စေချင်ပါတယ်။

Yutaka Nagasugi : နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးတိုးတက်မှုများရှိသော်လည်းဘဏ္ဍာရေးလိုငွေပြမှုနှင့် ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ စိုးရိမ်မှုများလည်းရှိပါတယ်။ မြန်မာ့စီးပွားရေး အခြေအနေနဲ့ပတ်သက်ပြီးလက်ရှိအခြေအနေအပေါ် ဘယ်လိုထင်မြင်ပါသလဲ။

U Myint Thu : ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် သက်ရောက်မှု များရှိခဲ့ပါတယ်။ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ၏ အဆိုအရ မြန်မာနိုင်ငံ၏ဘတ်ဂျက်လိုငွေပြမှုကို ဂျီဒီပီ၏၅%အတွင်း ထားသင့်ပြီး ယခုအခါ ၅. ၉% ကျော်ရှိနေပါတယ်။ အမျိုးသားစီမံကိန်းကော်မရှင်၏ ခန့်မှန်းချက်အရ ၂၀၂၀ ခုနှစ်တွင် ဘတ်ဂျက်လိုငွေပြမှုသည် ဒေါ်လာ ၄. ၅ ဘီလီယံအထိရောက်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ သို့သော် ၎င်းသည် အနုတ်လက္ခဏာခေါင်းစဉ်မျှသာမဟုတ်ပါဘူး။ ဥပမာ ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့်လေ့လာမှုအရ ၂၀၁၈ ခုနှစ်တွင်ငွေဖောင်းပွမှုသည်၈. ၈%ရှိသော်လည်း ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် ၆. ၁%သို့ကျဆင်းသွားသည်။ ကျွန်ုပ်တို့သည် ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများမှ

for Myanmar's economy. We will continue to attract foreign investment from Japan and other countries and aim to develop Myanmar.

## "Appreciate Japan's educational support We want to prosper together in ASEAN"

*———————— U Myint Thu*

**Yutaka Nagasugi :** The 800 billion yen support from Japan to Myanmar, announced in 2016, has emerged every day. This type of support is expected to continue, but what do you expect of Japan and the Japanese people in the future for the development of both countries?

**U Myint Thu :** The 800 billion yen assistance received from Japan has been used in various fields, including peace and democratization processes, support for agriculture and fisheries, development of transportation and electrical infrastructure, and human resource development. First of all, I would like to thank Japan on behalf of the Myanmar government and its people for this support. We have been receiving a lot of support from Japan for a long time, but I think the most wonderful thing is the support for the education field. In the Project for Human Resource Development Scholarship by Japanese Grant Aid (JDS), which started in 2002, more than 500 students have studied in Japan so far. Moreover, the creation of a new elementary school curriculum with the cooperation of JICA is a wonderful initiative. I am deeply grateful for helping young people to lead the future. Myanmar-Japan relations can be said to be at a record high, and there is only one word I would like to convey to Japan and the Japanese people. It is "Seeing is Believing". First of all, please visit Myanmar yourself to see this country. If you're a business person, I want you to see how many opportunities are awaiting in Myanmar in person. Then, let's work together to link with the East-West Economic Corridor through Myanmar and prosper with members of ASEAN countries.

**Yutaka Nagasugi :** I strongly agree with the idea that Myanmar should be viewed with one's own eyes, without being distracted by information alone. I look forward to the new ambassador ensuring that exchanges between Japan and Myanmar extend more to all fields. Thank you again for taking time out of your busy public affairs schedule to be with us today.

---

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆွဲဆောင်ပြီး ဖွံ့ဖြိုးမှုအတွက်ရည်ရွယ်ပါသည်။

## “အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ဆက်သွယ်ပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း”

**Yutaka Nagasugi :** ၂၀၁၆ ခုနှစ်တွင်ကြေညာခဲ့သော ဂျပန်မှမြန်မာ နိုင်ငံသို့ကူညီပေးသည့် ယန်းဘီလီယံ ၈၀၀ အကူ အညီများသည် အချိန်ကြာလာသည်နှင့်အမျှ အကောင်အထည်ရုပ်လုံးပေါ်လာပါတယ်။ ဒီအထောက်အပံ့အမျိုးအစားကို ဆက်လုပ်သွားမယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမယ် နှစ်နိုင်ငံလုံး၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်နဲ့ ဂျပန်အနာဂတ်မှာ ဘာမျှော်လင့်ထားပါသလဲ။

**U Myint Thu :** ဂျပန်၏ထောက်ပံ့ငွေဘီလျံ ၈၀၀ ကို ငြိမ်းချမ်းရေး နှင့်ဒီမိုကရေစီဖြစ်ထွန်းရေး၊ စိုက်ပျိုးရေးနှင့်ငါး လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့်လျှပ်စစ်အခြေခံ အဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နယ်ပယ် အမျိုးမျိုးတွင်အသုံးပြုခဲ့သည်။ ပထမဦးဆုံးအနေနဲ့ ဒီအထောက်အပံ့အတွက် ဂျပန်နိုင်ငံကို မြန်မာအစိုးရနဲ့ ပြည်သူတွေကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ဟာ ဂျပန်ကနေ ထောက်ပံ့မှုတွေအများကြီးရရှိခဲ့ပါတယ်။ အံ့သြဖို့အကောင်းဆုံးက ပညာရေးနယ်ပယ်မှာ ရရှိတဲ့ ထောက်ပံ့မှုပါပဲ။ ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့သော Human Resource Development Scholarship by Japanese Grant Aid (JDS) တွင် ကျောင်းသား ၅၀၀ ကျော်သည် ယခုအချိန်အထိဂျပန်၌ပညာသင်ကြားလျက်ရှိပါတယ်။ JICA နှင့်ပူး ပေါင်း၍ မူလတန်းကျောင်း သင်ရိုး ညွှန်တမ်းအသစ်ကို ဖန်တီးခြင်းသည်အလွန် ကောင်းမွန်သောအစပျိုးမှုတစ်ခုဖြစ်ပါသည်။ လူငယ်တွေကို အနာဂတ် ဦးဆောင်လမ်းပြနိုင်အောင် ကူညီပေးတဲ့အတွက် ကျွန်တော်အနေနဲ့အရမ်းကျေးဇူးတင်ပါတယ်။ ယခုအချိန်က နှစ်နိုင်ငံဆက်ဆံရေးသည် အမြင့်ဆုံးအကောင်းဆုံး အနေထားမှာရှိနေပြီး၊ ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးကိုပြောချင်တဲ့ စကားလုံး တစ်လုံးသာရှိပါတယ်။ ဒါကတော့ Seeing is Believing ဖြစ်ပါတယ်။ ပထမဦးစွာ မြန်မာနိုင်ငံကို ကိုယ်တိုင်သွားရောက်ကြည့်ရှုပါ။ အကယ်၍ စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်နေသူဖြစ်ပါက များပြားလှတဲ့ အခွင့်အလမ်းတွေအိပ်ပျော်နေတာကို သင်ကိုယ်တိုင်တွေ့မြင်ပါလိမ့်မယ်။ မြန်မာနိုင်ငံကိုဖြတ်သန်းပြီး အရှေ့အနောက်စီးပွားရေး စင်္ကြံ အနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ဆက်သွယ်ပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရအောင်။

